# နအဖ၏ လမ်းပျောက်မြေပုံ

မှ

# ခေတ်သစ် စစ်အာဏာရှင် သက်ဦးဆံပိုင် စစ်ဘုရင်စနစ်ဆီသို့

လမ်းပြမြေပုံဟူသည်မှာ လမ်းမသိသူများက သုံးစွဲသောအရာဖြစ်၏။ သွားလိုရာလမ်းသိထားလျှင် ထိုလမ်းအတိုင်းသွားကာ အချိန်တန်လျှင် ပန်းတိုင်သို့ ရောက်စမြဲဖြစ်၏။ သို့သော် တခါတရံတွင် လမ်းပြမြေပုံတိုင်းသည် သုံးစွဲသူအပေါ်မူတည်လျှက် ပန်းတိုင်ကိုအရောက် အစဉ်အမြဲ ပို့တတ်သည်မဟုတ်။ အကြောင်းမှာ လမ်းပြမြေပုံမှားသဖြင့် ပန်းတိုင်မရောက် လမ်းပျောက်သူများရှိနိုင်သကဲ့သို့၊ မှန်ကန်သည့်လမ်းပြမြေပုံကို သုံးစွဲသော်လည်း လမ်းပြမြေပုံကို မဖတ်ရှုတတ်သဖြင့် ပန်းတိုင်မရောက် ခရီးလမ်းပျောက်သူများလည်း ရှိနိုင်ပါသည်။

နအဖသည် “စည်းကမ်းရှိပြီး ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်” ဆီသို့ ပြည်မြန်မာပြည်သူများအား အရောက်ပို့ဆောင်မည့် အဆင့် (၇) ဆင့်ရှိသည့် နိုင်ငံရေးလမ်းပြမြေပုံတခုကို မိမိဖါသာမိမိရေးဆွဲကာ ခရီးစတင်လေပြီဖြစ်သည်။ သို့သော် ဒီမိုကရေစီ နိုင်ငံရေးလမ်းပြမြေပုံကို မည်သို့မည်ပုံဆွဲရမည်ကို ကောင်းကောင်းမွန်မွန် နားမလည်၊ နိုင်ငံရေးလမ်းပြမြေပုံဆွဲနည်း ကျွမ်းကျင်သူတို့၏ အကြံပေးချက်များကိုလည်းမယူလိုသည့် နအဖခေါင်းဆောင်များအကြိုက်ရေးဆွဲသည့် နိုင်ငံရေးလမ်းပြ မြေပုံသည် မြန်မာ့အလင်းသတင်းစာတွင် ကြွေးကြော်နေသည့်အတိုင်း ပြည်မြန်မာပြည်သူပြည်သား များကို “စည်းကမ်းရှိပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်” ဆီသို့အရောက် ပို့ဆောင်နိုင်ရန်ဝေးစွ “သက်ဦးဆံပိုင် အာဏာရှင် စစ်ဘုရင်နိုင်ငံ” ဆီသို့ အရောက်ခေါ်ဆောင်သွားမည်သာဖြစ်သည်။ အကြောင်းမှာမူကား နအဖရေးဆွဲထားသည့် နိုင်ငံရေးလမ်းပြမြေပုံသည် “လမ်းပြမြေ ပုံမဟုတ်” “လမ်းပျောက်မြေပုံ” ဖြစ်သောကြောင့်သာတည်း။

ကမ္ဘာ့အခြေခံဥပဒေသမိုင်းတွင် အခြေခံဥပဒေမူကြမ်းရေးဆွဲရန် (၁၄) နှစ်ကြာအချိန်ယူသည့် တိုင်းပြည်ဟူသည် နအဖက တရားမဝင် အုပ်ချုပ်နေသည့် ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ တခုတည်းသာရှိသည်။ ကမ္ဘာ့စံချိန်သစ်တခုကို ရှားရှားပါးပါး တင်နိုင်ခဲ့သော်လည်း အတုယူဖွယ်၊ ချီးမွမ်းဖွယ်ရာ စံချိန်သစ်ကို တင်နိုင်ခဲ့ခြင်းမဟုတ်၊ အရှက်ကွဲဖွယ်ရာ စံချိန်ဆိုးကြီး တခုကို အရှက်တကွဲ အကျိုးနဲစွာ တင်ခဲ့ခြင်းသာဖြစ်သည်။

နအဖက စိတ်ကြိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ် တစ်ထောင်ခန့်က နှစ်ပေါင်း (၁၄) နှစ်ကြာအချိန်ယူကာ ချမှတ်ရေးဆွဲ ထားသည့် အခြေခံဥပဒေမူကြမ်း၌ အခြေခံရမည့်မူကြီး ၁၀၄ မူကို ယမန်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျေညာချက် အမှတ် ၁/ ၂၀၀၇ ကိုထုတ်ပြန်ကာ မိမိ၏ မြန်မာ့ဥပဒေ ပညာရှင်များကြီးများပါဝင်သည့် (၅၄) ဦးကော်မတီအားဖွဲ့စည်းလျှက် ၁၀၄ မူကြမ်းကို အချောသတ် ရေးဆွဲရေးလုပ်ငန်း တာဝန်များပေးအပ်ခဲ့သည်။

သို့ရာတွင် အချောသတ်သည့် လုပ်ငန်းများ မပြီးစီးသေးခင်မှာပင် ရှေ့နောက်မညီ လုပ်ရိုးလုပ်စဉ် ထုံးစံများအတိုင်း နအဖသည် အခြေခံဥပဒေမူကြမ်းကို ယခုနှစ်မေလတွင်အတည်ပြုပြီး၊ ၂၀၁၀ ခုတွင်ရွေးကောက်ပွဲလုပ်မည်ဟု ဆိုင်းဘုံမဆင့် ကျေညာချက်နှစ်ခုကို ဖေဖော်ဝါရီလ ၉ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ပြန်သည်။

သို့ဖြစ်ပါ၍ နအဖ၏ ဤ “လမ်းပျောက်မြေပုံ” အား ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူပြည်သား အားလုံးကယခုအချိန်၌သာ အပြင်းအထန်မဆန့်ကျင်မကန့်ကွက်ပါလျှင် ခရီးလမ်းအဆုံးတွင် “သာယာဝပြောကာ စည်းကမ်းပြည့်လျှက် တိုးတက်ဖွံ့ဖြိုးသည့် ဒီမိုကရေစီနိုင်ငံ” ကိုကျွန်ုပ်တို့ကေန် တွေ့ရမည်မဟုတ် “စစ်အာဏာရှင် သက်ဦးဆံပိုင် ခေတ်သစ်ဘုရင့်နိုင်ငံတော် (သို့) သက်ဦးဆံပိုင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အပေါင်းပါတချို့၏ အာဏာရှင်နိုင်ငံတော်” ၌ခရီးဆုံးမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်
ဆလိုင်းငွန်

## နအဖ၏ လမ်းပျောက်မြေပုံ မှ
## ခေတ်သစ် စစ်အာဏာရှင် သက်ဦးဆံပိုင် စစ်ဘုရင်စနစ်ဆီသို့

အဘယ်ကြောင့် နအဖစစ်ခေါင်းဆောင်များ ချမှတ်ရေးဆွဲသည့် "နိုင်ငံရေးလမ်းပျောက်မြေပုံ" (၇) ဆင့်နှင့် ညောင်နှစ်ပင် ကိုယ်စားလှယ် (၁၀၀၀) ခန့်ကချမှတ်ပြဌာန်းလိုက်သည့် အခြေခံဥပဒေတွင် အခြေခံရမည့် မူကြီး (၁၀၄) မူတို့အတိုင်း ကျွန်ုပ်တို့ရှေ့ဆက် ခရီးနှင်နေပါက "စစ်အာဏာရှင် သက်ဦးဆံပိုင်ခေတ်သစ် စစ်ဘုရင်နိုင်ငံတော် (သို့) သက်ဦးဆံပိုင် စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးများနိုင်ငံတော်" တွင်ခရီးဆုံးမည်နည်းဆိုသော် အောက်ပါလမ်းစဉ်များကို အခြေခံလျှက် "နိုင်ငံရေး လမ်းပျောက်မြေပုံ" ကြီးကို ရေးဆွဲထား သောကြောင့်ဖြစ်ပါသည်။

### ၁။ ပြည်ထောင်စု၏ အနှစ်သာရကို ဖျက်စီးခြင်း

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာချမှတ်ခဲ့သော မူကြမ်းရှိ "နိုင်ငံတော် ဖွဲ့စည်းပုံ" အခန်း၏ Chapter 1. State Fundamental Principles, Article 4 (b) တွင် "the existing seven divisions are designated seven regions and the existing seven states are designated seven states. Those seven regions and seven states are of equal status and authority" ဟု ချမှတ်ပြဌာန်းထားပါသည်။

- ဤပြဌာန်းချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပေါ်လာနိုင်ခြင်း၏ အနှစ်သာရကို ဖျက်စီးသည့် ပြဌာန်းချက် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံဟူသည် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော တိုင်းရင်းသားများ (ဗမာများ အပါအဝင်) နိုင်ငံရေးအရလွပ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တန်းတူခြင်းတို့ကိုအခြေခံလျှက် ပြည်ထောင်စုတိုင်းရင်းသားများက ပင်လုံစာချုပ် အရတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဤချမှတ်ပြဌာန်းချက်သည့် ၁၉၆၂ ခုနှစ်တွင်လက်နက်အားကိုးဖြင့်တိုင်း ပြည်၏အချုပ်အချာအာဏာကို သိမ်းယူခဲ့သည့် တော်လှန်ရေးကောင်စီတဖြစ်လဲ မဆလစစ်အစိုးရ၏ ပြည်ထောင်စု တိုင်းရင်းသားများအကြားတွင် တန်းတူညီမျှမှု မရှိရေးမူအရ ပြဌာန်းထားသည့် ၁၉၇၄ အခြေခံဥပဒေကို ပြန်လည်အခြေ ခံထားခြင်းဖြစ်သည်။ ထို့ကြောင့် ဗမာတိုင်းရင်းသားလူမျိုးများက အခြားတိုင်းရင်းသားများအား ကြီးစိုးချယ်လှယ်ရေး ဟူသောမဟာလူမျိုးကြီးဝါဒကို ပြန်လည်အကောင်အထည် ဖော်ဆောင်မည့် ချမှတ်ပြဌာန်းချက်ဖြစ်ပါသည်။

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာချမှတ်ခဲ့သော ပြဌာန်းချက်မူကြမ်း Chapter 2, The State Structure, Article 7 တွင် "No part of the territory of the State, namely regions, states and self-administered areas etc. shall ever secede from the State." ဟုထပ်မံ ပြဌာန်းထားသည်။

- ဤချမှတ်ပြဌာန်းချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းခြင်းစာတမ်း (The Founding Document of the Union of Burma) ဖြစ်သည့် ပင်လုံစာချုပ်၏အနှစ်သာရကိုသော်၎င်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းစဉ် (၇) ခုအနက်တခုဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသား လူနဲစုများ၏အမျိုးသားအကျိုးစီးပွားကို အခိုင်အမာအကာအကွယ်ပေးရန်ဆိုသည့် တန်းတူ ညီမျှမှုကိုသော်၎င်း၊ ခွဲထွက်ပိုင်ခွင့်ကို နိုင်ငံရေးတန်းတူညီမျှမှုအား အတိအကျဖေါ်ဆောင်နိုင်ရေးအဖြစ် အသုံးချလိုသည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးသားပွင့်လင်းသော ဆန္ဒသဘောထားတို့ကို ချိုးနှိမ်ခြင်းဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံသည် လူတစုကလက်နက်အင်အားဖြင့် သိမ်းပိုက်နိုင်သောကြောင့် ဖွဲ့စည်းနိုင်သောနိုင်ငံမဟုတ်။ လူတမျိုးက ငွေကြေးဖြင့်ဝယ်ယူကာ ဖွဲ့စည်းထားခြင်းလည်းမဟုတ်။ လွပ်လပ်စွာဖြင့် တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကိုကျင့် သုံးကြရန်ဂတိပြုကြသဖြင့်သာ တည်ထောင်နိုင်ခဲ့ခြင်းဖြစ်ရာ ထိုဂတိကိုမည်သည့်အချိန်၌ဖြစ်စေ၊ မည်သည့်လူမျိုးက မဆိုပြတ်သားစွာလေးစားလိုက်နာရန်လိုအပ်သည်။ ခွဲထွက်ခွင့်ကို ပင်လုံဆွေးနွေးပွဲတွင် လူဦးရေနဲသောတိုင်းရင်းသား များကတောင်းဆိုကာ ၁၉၄၇ ခုနှစ်အခြေခံဥပဒေ၌ ထည့်သွင်းရေးသားကြရခြင်းမှာ လူဦးရေအဆမတန် ပိုများသောဗမာ တိုင်းရင်းသားများက လူဦးရေကိုအခြေခံ၍ဖြစ်စေ၊ အခြားအင်အားများကိုအသုံးချ၍ဖြစ်စေ လူဦးရေနဲသော ဗမာ မဟုတ် သည့်တိုင်းရင်းသားများကို နိုင်ငံရေးအရအနိုင်ကျင့် စော်ကားခြင်းမှကာ ကွယ်နိုင်ရန်ရည်ရွယ် ထားရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ခွဲထွက်ခွင့်သည် လူဦးရေအဆမတန်နဲသော ပြည်ထောင်စုတိုင်းရင်းသားများအတွက် လူဦးရေးအဆမတန် ပိုများသည့် ဗမာတိုင်းရင်းသားများလက်ထဲမှ နိုင်ငံရေးတန်းတူညီမျှမှုကို လုံခြုံမှုပေးနိုင်မည့် အာမခံချက်တခုဖြစ်သည်။ ထိုအာမခံချက်ကို ၁၉၇၄ အခြေခံဥပဒေတွင် ဖယ်ရှားထားသဖြင့် ဗမာမဟုတ်သည့်တိုင်းရင်းသားများ နိုင်ငံရေး တန်းတူမှု ကိုယနေ့ဆုံးရှုံးကာ အလူးအလဲခံစားနေရခြင်းဖြစ်သည်။

- ၎င်းအပြင် အောင်ဆန်း-အက်တလီ စာချုပ်၏ အပုဒ် ၈ (က)(ခ)(ဂ) ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးချုပ်အက်တလီ တို့သဘောမတူခဲ့ပါက ပင်လုံညီလာခံလည်းရှိလာမည် မဟုတ်သကဲ့သို့ တိုင်းရင်းသားများအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း နှင့်ပင်လုံစာချုပ်ကို ချုပ်ဆိုကြမည်မဟုတ်ပေ။ တဆက်တည်းတွင် ပင်လုံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းက ခွဲထွက်ခွင့်ကို မူအားဖြင့်လက်မခံပါက ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသား ခေါင်းဆောင်များအနေဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး ကြမည်မဟုတ်ပေ။ တချို့သော ပဋိညာဉ်ဥပဒေ သဘောတရားကို နားမလည်သည့် သမိုင်းဆရာများက ခွဲထွက်ခွင့်သည် ကချင်နှင့် ရှမ်းလူမျိုးများအတွက်သာ အကျုံးဝင်သည်ဟု မှားယွင်းစွာရေးသားပြောဆိုကြသည်။ အမှန်စင်စစ် ခွဲထွက်ခွင့် သည် ရှမ်း၊ ကချင်၊ နှင့် ချင်း အမျိုးသားများအတွက်သာ အကျုံးဝင်သည် သာမက ဗိုလ်ချုပ်အောင်ဆန်း ကိုယ်စားပြုသည် ဗမာပြည်မ (Ministerial Burma) ရှိ တိုင်းရင်းသားများ အားလုံးနှင့်လည်း ပဋိညာဉ်ဥပဒေ (Contract Law) (သို့) အပြန် အလှန်ပြုရန် သဘောတူညီချက်ဥပဒေအရ အကျုံးဝင်သည့် စာချုပ်ဖြစ်ပေသည်။

- ထို့ကြောင့် ပင်လုံစာချုပ်ကြောင့် ဖြစ်တည်လာသော ပြည်ထောင်စုမြန်မာနိုင်ငံ ဆက်လက်တည်ရှိရေးသည် "ပင်လုံ ပဋိညာဉ်" (သို့) "ပင်လုံစာချုပ်" ကိုမချိုးဖေါက်ရန်လိုအပ်သည်။ ပဋိညာဉ် ဥပဒေအရ ပင်လုံးစာချုပ်၏ အနှစ်သာရကို တဖက်သတ် ချိုးဖောက်ခြင်း (သို့) ပြုပြင်ခြင်း တို့သည် ပင်လုံစာချုပ်အရ ဖြစ်ပေါ်လာသော ပြည်ထောင်စု မြန်မာနိုင်ငံကို ဥပဒေအရဖျက်ဆီးခြင်း (သို့) ဖြိုခွဲခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နအဖလမ်းပျောက်မြေပုံတွင် ပင်လုံပဋိညာဉ်အရ ပေါ်ပေါက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပဋိညာဉ် ဥပဒေအရတည်ရှိခြင်းမှ ဖြိုခွဲဖျက်စီးကာ လက်နက်အားကိုး ဖြင့်နအဖစိတ်ကြိုက်ပြန်လည်တည်ဆောက်ခြင်းဖြစ်ပါသည်။

## ၂။ စစ်အာဏာရှင်စနစ်ကို ဥပဒေအရ မွေးထုတ်ခြင်း

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာအချိန်ယူကာ ပြဌာန်းလိုက်သည့် အခြေခံမူကြမ်းရှိ မဏ္ဍိုင် ကြီးများအနက် အန္တရယ်အများဆုံးသော မဏ္ဍိုင်များသည် အုပ်ချုပ်ရေးမဏ္ဍိုင် (Executive) နှင့် Chapter 1. State Foundamental Principles, Article 7, နှင့် တပ်မတော်မဏ္ဍိုင် (Tatmadaw) Chapter 1. State Foundamental Principles, Article 9 တို့ဖြစ်သည်။ အဆိုပါ မူကြမ်းအရ နိုင်ငံတော် သမတ နှင့် ဒုတိယသမတ ဖြစ်လာမည့်သူများသည် ကမ္ဘာပေါ်ရှိ အခြေခံဥပဒေအရ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် အကြီးအကဲဖြစ်နေသူ အားလုံးကြားတွင် အာဏာအရှိဆုံးသော သမတနှင့် ဒုတိယ သမတများဖြစ် လာမည်ဖြစ်သည်။

ပြဌာန်းချက်မူကြမ်း၏ Chapter 3. The Head of State, Article 4 (d) (e) (f) တို့တွင် "(d) The President of the Union shall be well acquainted with affairs of State such as political, administrative, economic and military affairs, (e) The President of the Union shall be a person who has been residing continuously in the country for at least 20 years up to the time of election, (f) The President of the Union himself, parents, spouse, children and their spouses shall not owe allegiance to a foreign power, shall not be subject of a foreign power or citizen of a foreign country. They shall not be persons entitled to the rights and privileges of a subject or citizen of a foreign country" ဟု ပြဌာန်းထားသည်။

- ဤပြဌာန်းချက်များကို ဥပဒေရှုဒေါင့်မှ လေ့လာဆန်းစစ်လျှင် အဓိပ္ပယ်နှင့်အနှစ်သာရ အလွန်ကင်းမဲ့သော ပြဌာန်းချက် များဖြစ်ပါသည်။ အကြောင်းမှာ စစ်ရေးစစ်ရာ ကျွမ်းကျင်သူသည် စစ်သားများသာ ဖြစ်ကြသည်။ စစ်သားများတွင်လည်း စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးရာများကို ကျွမ်းကျင်သောသူများသည် ရိုးရိုးစစ်သားများ မဟုတ်ကြသဖြင့် ရိုးရိုးစစ်သား များသည် သမတဖြစ်ခွင့်မရကြတော့ပေ။ ထို့ကြောင့် အရပ်သားနှင့် စစ်သားများအကြား အဆင့်အတန်းခွဲကာ ပြဌာန်း ထားသည်သာမက၊ စစ်သားများ အကြား၌ပင် အဆင့်အတန်းပြန်လည်ခွဲခြားသည့် ချမှတ်ပြဌာန်းချက်များဖြစ်ပါသည်။

- ပြည်ထောင်စုအတွင်းတွင် အနှစ် ၂၀ ဆက်တိုက်နေထိုင်သူဖြစ်ရမည်ဟု ချမှတ်ပြဌာန်းထားသည်ဖြစ်ရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ မောင်အေး၊ ရွှေမန်းစသည့် နအဖစစ်ခေါင်းဆောင်များသည် နိုင်ငံခြားတိုင်းပြည်များသို့ ဆေးကုသရန်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ ခရီးသွားနေသောသူများဖြစ်သဖြင့် ဤပြဌာန်းချက်နှင့် တနည်းမဟုတ်တနည်း ငြိတွယ်နေကြမည်ဖြစ်သည်။
- နိုင်ငံခြားသြဇာခံများမဖြစ်ရဟု ချမှတ်ပြဌာန်းချက်ကို ဥပဒေကြောင်းအရ ရိုးရှင်းစွာ အနက်ပြန်လျှင် ဗိုလ်ချုပ်ကြီး အများစု သည်နိုင်ငံခြားတိုင်းပြည်များက ပိုင်ဆိုင်သည့် ကုမ္ပဏီများတွင် အစုရှယ်ယာများ ထည့်ဝင်ခြင်းဖြင့်ဖြစ်စေ၊ အဆိုပါ ကုမ္ပဏီ များနှင့်တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပါတ်သက်နေကြသူများ ဖြစ်ကြသဖြင့် ၎င်းတို့သည်လည်း နိုင်ငံခြား သြဇာမှ ကင်းလွတ်သူများမဟုတ်ကြပေ။

## ၃။ ဗမာတိုင်းရင်းသား စစ်ဗိုလ်များ ကြီးစိုးရေးဝါဒ

နအဖ တက်လာပြီးသည့်နောက်ပိုင်းတွင် တပ်မတော်အတွင်းမှနေ၍ ဗမာမဟုတ်သည့် တိုင်းရင်းသား စစ်ဗိုလ်များကို တဖြည်း ဖြည်းဖယ်ထုတ် ရှင်းလင်းလာခဲ့သည်။ ဥပမာ၊ လက်ရှိချင်းပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်သည် ဗမာအမျိုးသားသာ ဖြစ်ခဲ့သော် အလွန်အရေးပါအာဏာကြီးသည့် စစ်တိုင်းတခုခုတွင် တိုင်းမှူးဖြစ်ရမည်ဖြစ်သည်။ သို့သော် မဟာဗမာဝါဒီကိုစနစ် တကျအကောင်အထည်ဖေါ်ဆောင်နေသော နအဖသည် ဗိုလ်မှူးချုပ် ဟုန်းငိုင်အား အာဏာမရှိသည့် ပဝတ္တဥက္ကဋ္ဌ ရာထူးကို ပေးကာဖြုတ်ချလိုက်ခြင်းသာဖြစ်ပါသည်။ အကြောင်းမှာ (၄) လပတ် တိုင်းမှူးများအစည်းအဝေးတွင် ဗမာစစ်စစ်မဟုတ်သည့် အခြားတိုင်းရင်းသား စစ်တိုင်းမှူးများ မပါဝင်လာရေးဆိုသည့် စစ်တပ်အတွင်း လို့ဝှက်ပေါ်လစီတခုရှိနေသော ကြောင့်ဖြစ်ပါ သည်။

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဌာန်းလိုက်သည့် အခြေခံ ဥပဒေအရ သမတဖြစ်နိုင်သူသည် ဗမာတိုင်းရင်းသားစစ်ဗိုလ် များသာဖြစ်တော့သည်။ Chapter 3. The Head of State, Article 5 (a) (b) (c) (d) (e) (f) အရ သမတကို ရွေးချယ်ရမည်ဟုချမှတ်ပြဌာန်းထားသည်။ အဆိုပါ ပြဌာန်းချက်များကို အသေးစိတ် လေ့လာသောအခါ၊ ဗမာမဟုတ်သည့်တိုင်းရင်းသား စစ်ဗိုလ်များသမတ ဖြစ်နိုင်စရာအကြောင်းမရှိ ဖြစ်လာသည်။ Article "(5) (a) The president of the Union shall be elected by the presidential electoral college. (b) The presidential electoral college shall be organizes with three groups of the Pyadaungsu Hluttaw representatives as follows: (1) Group formed with elected Hluttaw representatives live in the Hluttaw with equal numbers of representatives elected from regions and states; (2) Group formed with elected Hluttaw represents lives in the Hluttaw elected on the basis of population and township; (3) Group formed with Tatmadaw member Hluttaw representatives nominated as such by the Commander-in-Chief of the Defense Services for the said two Hluttaws. (c) Each group shall elect a Vice President from among Hluttaw representatives or from among person who are not Hluttaw representative. (d) A body comprising trio leaders and deputy leaders of the Pyidaungsu Hluttaw and the two Hluttaws of the Pyidausu Hluttaw shall scrutinize whether or not the Vice Presidents possess the qualification for the President, (e) The presidential electoral college made up of all the Pyidaungsu Hluttaw representatives shall elect by vote one of the three Vice Presidents who are presidential candidates, as the President of the Union" ဟု ပြဌာန်းထားသည်။

မြန်မာဘာသာဖြင့် အကျဉ်းချုပ်ဘာသာ ပြန်ဆိုရသော် - Electoral College ကို ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် အောက်ဖေါ်ပြပါ အဖွဲ့ ၃ ဖွဲ့ဖြင့်ဖွဲ့စည်းရမည်ဖြစ်သည်။ အဖွဲ့ (၁)။ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ အဖွဲ့ (၂)။ လူဦးရေနှင့် မြို့နယ်များကို အခြေခံသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ (၃)။ တပ်မတော်စစ်ဦးစီးချုပ်က အဆိုတင်သွင်းသည့် တပ်မတော် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သည်။

သမတကို ရွေးချယ်သောအခါ အထက်ပါအဖွဲ့တဖွဲ့စီက ဒုတိယသမတတဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်စေ အသီးသီးရွေးချယ်ကြရမည်။ ထိုအဖွဲ့ (၃) ဖွဲ့ ခေါင်းဆောင် (၃) ဦးနှင့်

ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်ဒုတိယခေါင်းဆောင်များနှင့် လွှတ်တော်နှစ်ရပ်၏ လွှတ်တော်ဒုတိယခေါင်းဆောင်များက ဒုတိယသမတ ရွေးကောက်ခံသည့်သူများ၏ အရည်အချင်းပြည့်မပြည့်ကို လေ့လာဆန်းစစ်ရမည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးကမဲတမဲစီပေးကာ ဒုတိယသမတ (၃) ဦးထဲမှ သမတ (၁) ဦးကို ရွေးချယ်ရမည်။

- ဤ ချမှတ်ပြဌာန်းချက်များအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တူညီသော ကိုယ်စားလှယ်များဖြင့် အဖွဲ့ (၁) ကို ဖွဲ့စည်း ခြင်း၊ လူဦးရေနှင့် မြို့နယ်များကိုအခြေခံ၍ အဖွဲ့ (၂) ကိုဖွဲ့စည်းခြင်းနှင့် တပ်မတော်လွှတ်တော်ကိုယ်စားလှယ်များကိုအခြေခံ၍အဖွဲ့ (၃) ကိုဖွဲ့စည်းခြင်းတို့ကြောင့် ဗမာမဟုတ်သည့်စစ်ဗိုလ်များ သမတနှင့်ဒုတိယသမတဖြစ်နိုင်ရန် အလားအလာမရှိတော့ပေ။ အကြောင်းမှာ တိုင်းဒေသကြီး (၇) ခုသည် ဗမာအများစုဖြင့်နေထိုင်ရာ ဒေသဖြစ်ခြင်း၊ လူဦးရေအရဖြစ်စေမြို့အရေအတွက်အရဖြစ်စေ ဗမာလူဦးရေနှင့် ဗမာမြို့အရေအတွက်ကပိုများနေခြင်းနှင့် တပ်တော်တွင်ဗမာစစ်ဗိုလ်များများ ပြားနေခြင်းတို့ကြောင့်ဖြစ်ပေသည်။

သမတကို ရာထူးမှ ဖယ်ရှား၍မရခြင်း။

Chapter Chapter 3. The Head of State, Article 16 (a) (b) (c) (d) (e) (f) တို့ တွင် သမတကိုမည်ကဲ့သို့ ရာထူးမှဖယ်ရှားရမည်ကို ချမှတ်ပြဌာန်းထားသည်။ Aricle 16 (a) အရ "The President or any Vice President shall be impeached for one of the following reasons: (1) Treason; (2) Violation atlast provisions in the Constitution; (3) Misconduct; (4) Being disqualified for the Presidentcy or Vice Presidency under the Constitution; (5) Inefficient discharge of duties assigned to him in accord iwth the law." ဟု ချမှတ် ပြဌာန်းထားသည်။ သို့ရာတွင် အထက်ပါအချက် (၅) ချက်အနက် မည်သည့်အချက်ကိုမဆို ကျူးလွန်သည်ဖြစ်စေ သမတနှင့် ဒုတိယသမတ တို့ကိုရာထူးမှ ဖြုတ်ချနိုင်ရန် အလားအလာမရှိဖြစ်နေသည်။

Chapter 3. The Head of State, Article 16 (b) (c) အရ သမတ နှင့် ဒုတိယသမတကို အရေးယူနိုင်ရန် ရှေးဦးစွာ လွှတ်တော်တရပ်ရပ်၏ လေးပုံတစ်ပုံထောက်ခံချက် ရရှိရန်လိုအပ်သည်။ ထို့နောက် အထက်ပါစွပ်စွဲချက်ကို စုံစမ်းစစ်ဆေးမှု ပြုနိုင်ရန် အဆိုပါလွှတ်တော်အမတ် အားလုံး၏ သုံးပုံနှစ်ပုံသောအမတ်များက သဘောတူညီမှုရှိရမည်။ ထိုသို့သုံးပုံနှစ်ပုံ ထက် မနည်းသော လွှတ်တော်အမတ်များက သဘောတူပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အခြားလွှတ်တော်ကဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်။ အဆိုပါစုံစမ်းစစ်ဆေးရေး အဖွဲ့၏တွေ့ရှိချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းသည့် လွှတ်တော်အမတ်သုံးပုံနှစ်ပုံထက် မနည်းသည့်လွှတ်တော်ကိုယ်စားလှယ်များက စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရေး အဖွဲ့၏တွေ့ရှိချက်များသည် ခိုင်လုံသည် ဟုထောက်ခံလျှင် သမတ (သို့) ဒုတိယသမတကို ရာထူးမှဖယ်ရှားရမည်။

- ဤချမှတ်ပြဌာန်းချက်များသည် အလွန်ဇီဇာကြောင်သော ပြဌာန်းချက်များဖြစ်ပါသည်။ သမတ၏က အခြေခံဥပဒေကို ဖေါက်ဖျက်ကျူးလွန်သည်ဟု ယူဆသည့်လွှတ်တော်က စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခွင့်မရှိခြင်း၊ သမတကို ဥပဒေကျူးလွန်သည်ဟု မစွပ်စွဲသောလွှတ်တော်က စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့က မဲခွဲအရေးယူခြင်းတို့သည် အဓိပ္ပယ်မဲ့ကာအနှစ်သာရမရှိသောချမှတ်ပြဌာန်းချက်များသာဖြစ်သည်။ အထက်လွှတ်တော်တွင်အမတ် (၂၂၄) အနက် (၅၆) သည် စစ်တပ်ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ထို့ကြောင့် စစ်သားလွှတ်တော်ကိုယ်စားလှယ်အားလုံးက သမတကို ထောက်ခံနေသရွေ့သမတသည် အခြေခံဥပဒေကိုမည်မျှပင် ချိုးဖောက်စေကာမူ ရာထူးမှဖယ်ရှား၍ရမည်မဟုတ်။ အလားတူစွာ အောက်လွှတ်တော်၌ အမတ် (၄၄၀) ရှိသည်အနက် စစ်တပ်လွှတ်တော်ကိုယ်စားလှယ် (၁၁၀) က သမတကို ထောက်ခံနေသရွေ့၎င်းအား ဖယ်ရှား၍ရမည်မဟုတ်ပေ။ အကြောင်းမှာ အထက်လွှတ်တော်ရှိစစ်တပ် လွှတ်တော်ကိုယ်စားလှယ် (၅၆) ယောက်သည်အထက် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ လေးပုံတစ်ပုံဖြစ်နေသည်။ အလားတူ အောက်လွှတ်တော် ရှိစစ်တပ်လွှတ်တော် ကိုယ်စားလှယ် (၁၁၀) သည် အောက်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ လေးပုံတစ်ပုံ ဖြစ်နေသောကြောင့်ဖြစ်သည်။ ဤနည်းအားဖြင့် သမတကို ရာထူးမှဖယ်ရှားနိုင်ခြင်းမရှိရန် အကွတ်စေ့စေ့ ချမှတ်ပြဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဌာန်းလိုက်သည့် (၁၀၄) မူအရ သမတဖြစ်လာမည့်သူသည် ရေးယခင်က သက်ဦးဆံပိုင် ဘုရင်ကြီးများသဖွယ် ၎င်းအလိုကျလူများအား အရည်အချင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သူကောင်းပြုကာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရားသူကြီးများ၊ ရှေ့နေချုပ်များ၊ စာရင်းစစ်ချုပ်များ၊ ဝန်ထမ်းရွေးချယ်ရေးဘုတ်ကော်မတီ ဥက္ကဌနှင့် အဖွဲ့ဝင်များစသည့် ပြည်ထောင်စုတွင် အရေးကြီးသည့်ရာထူးများတွင် ခန့်အပ်နိုင်သည်။ အခြေခံဥပဒေမူကြမ်း၏ Chapter 5. Executive, Article 2 (a) (1) (2) (3) တွင် "2 (a) The President of the State shall appoint Union Ministers - (1) he shall select suitable persons who possess prescribed qualifications from among the Hluttaw representatives or non-Hluttaw representatives; (2) he shall obtain a list of nomination of suitable Tatmadaw members from the Commander-in-Chief of Defense Services for ministries of defense, security/home affairs and border affairs; (3) he shall consult with teh Commander-in-Chief of Defense Services if he desire to appoint Tatmadaw members as Union ministers for the ministries other than defense, security/home affairs and border affairs" ဟု ပြဌာန်းထားပါသည်။ အဆိုးဆုံးမှာ Article 2 (c) တွင် "Pyidaungsu Hluttaw has no right to refuse a person nominated by the President of the State for the appointment of Union Minister unless it can prove the person concerned does not possess qualifications prescribed for Union Ministers." ဟု ထပ်ဆင့် တားမြစ် ပြဌာန်းထားခြင်းဖြစ်ပါသည်။

- ဤချမှတ်ပြဌာန်းချက်များအရ သမတသည် ပြည်ထောင်စုဝန်ကြီးများအဖြစ် ရှုံးသွတ်နေသည့် သူများမှအပ ၎င်းစိတ်ကြိုက်ပုဂ္ဂိုလ် မည်သူ့ကိုမဆို အထက်ပါရာထူးများတွင် ခန့်အပ်နိုင်ပါသည်။ သမတသည်လည်း တပ်မတော်စစ်ဦးစီးချုပ်နှင့် ညှိနှိုင်းကာ ကာကွယ် ရေး၊ ပြည်ထဲရေးနှင့်လုံခြုံရေး၊ နယ်စပ်ဒေသများဆိုင်ရာဝန်ကြီးများကို ခန့်အပ်ရမည်ဟု Article 2 (b) တွင်ပြဌာန်းထားပါသည်။ ထို့ကြောင့် သမတသည် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် လုံခြုံရေးဌာနများသာမက တိုင်းရင်းသားများနေထိုင်ရာဒေသဖြစ်သည့် နယ်စပ်ဒေသများမကျန် ၎င်း၏ထိမ်းချုပ်မှုအောက်တွင် ရှိနေတော့သည်။ ၎င်းအပြင် သမတသည် ဝန်ကြီး များသာမက ဒုတိယဝန်ကြီးများအားလုံးကိုလည်း အလားတူစွာ ခန့်အပ်နိုင်သည်ဟု Aritlce 3 တွင် ချမှတ်ပြဌာန်းထား ပြန်ပါသည်။

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဌာန်းလိုက်သည့် မူများတွင် သမတသည် ဝန်ကြီးများအားလုံးသာမက ပြည်ထောင်စုအစိုးရတွင် အရေးကြီးဆုံးဖြစ်သည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းရွေးချယ်ရေးဘုတ် အဖွဲ့ဥက္ကဌ နှင့်အဖွဲ့ဝင်များကိုလည်း ခန့်အပ်ပိုင်ခွင့်ရှိကြောင်း Chater 3. The Head of State, Article 6, Article 12 , Article 18 တို့တွင် ချမှတ်ပြဌာန်းထားပါသည်။

- ဤပြဌာန်းချက်များအရ သမတသည် ၎င်းစိတ်ကြိုက် နိုင်ငံတော်အစိုးရကို တရားဥပဒေအားဖြင့် အကာအကွယ်ပေးမည့် သူများကိုခန့်အပ်ပိုင်ခွင့်ရှိသည်။ သမတသည် ပြည်ထောင်စု စာရင်းအင်းများကို ၎င်းအလိုကျပြုစုတင်ပြမည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ကိုလည်း ခန့်အပ်နိုင်သည်။ သမတသည် ပြည်ထောင်စုတခုလုံးတွင် ၎င်းလိုချင်သည့် သူများကို အလုပ်အကိုင်ပေးနိုင်မည့် ပြည်ထောင်စုပြည်သူ့ဝန်ထမ်းရွေးချယ်ရေး ဘုတ်အဖွဲ့ ဥက္ကဌနှင့် အဖွဲ့ဝင်များကို ခန့်အပ်နိုင်သည်။

## ၄။ စစ်သားနှင့် အရပ်သား ခွဲခြားဆက်ဆံရေးဝါဒ

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဌာန်းလိုက်သည့် အခြေခံဥပဒေမူ သမတက ဝန်ကြီး (သို့) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ထားသူသည် အရပ်သားဝန်ထမ်းဖြစ်လျှင် တာဝန်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး၊ စစ်သားဖြစ်ပါကတာဝန်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မမှတ်ယူရ။ Chapter 3. Article 5 (f) (1) တွင် "If the Union Minister or Deputy Minister is a civil servant, then it is to be assumed that he has retired as a civil servant according to the civil service rules and regulations from the date he is appointed Union Minister or Deputy Minister. (2) Tatmadaw members how have been appointed Union Ministers and Deputy Ministers for defense, security/home affairs and border affairs need not retire and resign from the Tatmadaw." ဟု ပြဌာန်းထားသည်။

- ဤပြဋ္ဌာန်းချက်သည် စစ်သားနှင့်အရပ်သားဝန်ထမ်းများကို တရားမျှတမှုကင်းမဲ့စွာ ခွဲခြားဆက်ဆံသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။ စစ်သားများသည်လည်း နိုင်ငံ၏ဝန်ထမ်းများဖြစ်ကြသကဲ့သို့ အရပ်သားဝန်ထမ်းများကို စစ်သားများနှင့် တန်းတူရည်တူ မဆက်ဆံခြင်းသည် စစ်အုပ်ချုပ်ရေးကိုသာ အဓိကထားကြောင်း ပေါ်လွင်ထင်ရှားစေသည်။

## ၅။ အာဏာရှင်သမတ နှင့် အာဏာမဲ့ တိုင်းရင်းသား ပြည်နယ်များ

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဋ္ဌာန်းလိုက်သည့် မူများအရ သက်ဦးဆံပိုင်ဘုရင်သမျှ အာဏာရှိသည့် သမတလက် အောက်တွင် တိုင်းရင်းသားပြည်နယ်များသည် အာဏာမဲ့ရုပ်သေး ပြည်နယ်များဖြစ်လာကြမည်ဖြစ်သည်။ Chapter 3. Article 21 (f) တွင် "The President of the State shall appoint the Hluttaw representative approved by Region or State Hluttaw as the Chief Minister of Region or State." (g) "Region or State Hluttaw shall have no right to turn down the Hluttaw representative nominated by the President of the state for appointment as Chief Minister of Region or State, unless it can clearly show that person does not fully posses the qualifications prescribed for the post of the Chief Minister of Region or State." ဟု ပြဋ္ဌာန်းထားပါသည်။

- ဤပြဋ္ဌာန်းချက်များအရ သမတသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လွှတ်တော်ကိုယ်စားလှယ် တဦးဦးကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်ဖြစ်ပြီး၊ ပြည်နယ်လွှတ်တော်က အတည်ပြုရမည်။ သို့သော် ခိုင်လုံသည့်အကြောင်းပြ ချက်မရှိလျှင်ပြည်နယ်လွှတ်တော်သည် သမတက ခန့်အပ်သည့် ပြည်နယ်ဝန်ကြီးချုပ်ကို ပယ်ချပိုင်ခွင့်မရှိ။

၎င်းအပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးများကိုလည်း နိုင်ငံတော်သမတက ခန့်အပ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များက အောက်ပါနည်းအတိုင်း ခန့်အပ်ရမည်ဟု ချမှတ်ပြဋ္ဌာန်း ထားပါသည်။ Chapter 3. Article 22 (a) (1) (2) (4) တွင် "In order to appoint Region or State Ministers, the Region or State Chief Minister shall (1) select suitable persons who possess prescribed qualifications from among the Region or State Hluttaw representatives or non-Hluttaw representatives; (2) ask a list of names of suitable Tatmadaw members from the Commander-in-Chief of Defense Services to assign security and border affairs responsibilities; (3) ask the nomination of the okkahta from the self-administered divisions or self-administered zone leading body in the respective region or state; (4) obtain the list of Hluttaw representatives elected to undertake the affairs of national races in the respective region or state from the respective Election Commission." ဟု ပြဋ္ဌာန်းထားပါသည်။

- ဤချမှတ်ပြဋ္ဌာန်းချက်များအရ သမတက စိတ်ကြိုက်ရွေးချယ်ကာ ခန့်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များက ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသတိုင်းများနှင့် အထူးဒေသများဆိုင်ရာ ဝန်ကြီးများကို ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၏ ကိုယ်စားလှယ်များ၊ ကာကွယ်ရေးစစ်ဦးစီးချုပ်က အမည်တင်သွင်းထားသည့် ကိုယ်စားလှယ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ကိုယ်စားလှယ်ပါဝင်သည့် ဝန်ကြီးလောင်းများစာရင်းကို သက်ဆိုင်ရာပြည်နယ် (သို့) တိုင်းဒေသကြီးများ၏ လွှတ်တော်သို့တင်သွင်းကာ အတည်ပြုချက်ရယူရမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်အသီးသီးက ပယ်ချခွင့်ရှိသော်လည်း ပယ်ချနိုင်သည့် အလားအလာ အလွန်နည်းပေသည်။ ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်များက အတည်ပြုထားသည့် အမည်စာရင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် အတည်ပြုခန့်အပ်ရမည်ဖြစ်သည်။

- ဤပြဋ္ဌာန်းချက်အရ ပြည်ထောင်စု သမတသည် ပြည်ထောင်စုအရေးကိစ္စများအားလုံးနှင့် သက်ဆိုင်သည့် အာဏာအားလုံးကိုရရှိထားသည်သာမက၊ ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအထိ အာဏာသက်ရောက်မှုရှိနေသည်။

ထို့ကြောင့် သမတသည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုဝန်ထမ်းရွေးချယ်ရေးဘုတ်အဖွဲ့၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဝန်ကြီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာရေးရာ ဝန်ကြီးအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဌများ အားလုံးကို ခန့်အပ်ပိုင်ခွင့်ရှိသည်။ ထိုမျှမက နေပြည်တော်သည် သမတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိရမည်ဟု ပြဌာန်းထားသည်။ (Chapter 3. The Executive Article 35, 36, and 37).

- ထို့ကြောင့် ပြည်ထောင်စု တခုလုံးတွင် သမတကို ဆန့်ကျင်နေကြသည်ဖြစ်စေ သမတ၏ နန်းတည်ရာ နေပြည်တော်တွင် ငြင်းစိတ်ကြိုက် မင်းမူနိုင်ပါသည်။

## ၆. သမတ အလိုကျ တရားရုံးများ

နအဖ လက်ကိုင်တုတ်များ ချမှတ်ရေးဆွဲလိုက်သည့် အခြေခံဥပဒေ Chapter 6. Judiciary, Article 1 (a) (b) (c) တွင် "The Judicial power of the State is distributed, (a) in accordance with the State Constitution or by other Laws, among the Supreme Court of the Union, High Court of the Regions, High Courts of the States, Courts of the self-administered divisions, Courts of the self-administered zones, District Courts, Township Courts, other courts constituted by law and judges appointed in accordance with law. (b) in accordance with the State Constitution or by other laws, among Courts Martial, (c) in accordance with the State Constitution, to the Constitutional Tribunal." ဟုပြဌာန်းထား ပါသည်။ သို့ရာတွင် Article 2 (a) ၌ "In the State is constituted one Supreme Court of the Union. The Supreme Court of the Union if the supreme law court of the State which shall not affect judicial powers vested in the Constitutional and Courts Martial." ဟု ထပ်ဆင့် ပြဌာန်းထား ပါသည်။

- ဤပြဌာန်းချက်များကြောင့် Supreme Court ထက် ပို၍ အဆင့်မြင့်သော Constitutional Court နှင့် Courts Martial တို့ ရှိနေသဖြင့် Supreme Court သည် အကာသာ ရှိပြီး အနှစ်မရှိသော Supreme Court တခုပမာ ဖြစ်နေပါသည်။

Article 2 (c)(1) (2) တွင် "(1)The President of the State shall submit the nomination of the power suitable to be appointed as the Chief Justice of the Union to the Pyidaungsu Hluttaw and seek the approval of it; (2) Pyidaugsu Hluttaw shall not have the right to reject the person nominated by the President for appointment of the Chief Justice of the Union unless it can clearly prove that the person do not meet the qualifications for the post prescribed in the Constitution." ဟုပြဌာန်းထားသည်။

- အထက်တွင် ဖေါ်ပြခဲ့ပြီးသည့်အတိုင်း သမတသည် ဗမာတိုင်းရင်းသားလူမျိုး ဖြစ်နေမည့်အပြင် လွှတ်တော် (၂) ရပ်စလုံးတွင်ငင်းကိုထောက်ခံနေမည့် စစ်တပ်ကိုယ်စားလှယ် စုစုပေါင်း (၁၆၆) ရှိပြီးသူ ဖြစ်ပေသည်။ အလားတူစွာ ပြည်နယ် (၇) ခုနှင့်တိုင်းဒေသကြီး (၇) ခုခွဲထားသဖြင့် ဗမာမဟုတ်သည့်တိုင်းရင်းသား လွှတ်တော်အမတ်များ အနေဖြင့် ဗမာသမတက အဆိုပြုသမျှကို လူမျိုးစုနှင့် စစ်တပ်ကို အခြေပြုလျှက် မဲပေးမှုရှိလာတိုင်း ကန့်ကွက်နိုင်သည့် အင်အားရှိမည်မဟုတ်ပေ။ ထို့ကြောင့် ပြည်ထောင်စုတရားသူကြီးချုပ်သည် သမတစိတ်ကြိုက် ဗမာတိုင်းရင်းသား တရားသူကြီးဖြစ်ရန် အလားအလာများနေသည်။ ဒုတိယအချက်အနေဖြင့် ပြည်ထောင်စုလွှတ်တော်သည် သမတကအမည်စာရင်း တင်သွင်းထားသည့် ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးကို ငြင်းပယ်နိုင်ရန် ပုဒ်မ ၂ (ခ) အရ အလားအလာမရှိပေ။

Article 2 (d) (1) (2) တွင် "The President of the State, in consultation with the Chief Justice of the Union, shall submit the nomination of persons suitable to be appointed as the Judges of the Supreme Court of the Union to the Pyidaungsu Hluttaw and seek the approval of it, (2) Pyidaungsu Hluttaw has no right to reject persons nominated by the President of the State for the appointment of Judges of the Supreme Court of the

Union unless it can prove clearly the persons concerned do not possess the qualifications prescribed for Judges of the Supreme Court of the Union in the Constitution." ဟု ပြဋ္ဌာန်းထားပြန်ပါသည်။

- ဤချမှတ်ပြဋ္ဌာန်းချက်များအရ သမတသည် ၎င်းစိတ်ကြိုက်ရွေးချယ်ခန့်အပ်ထားသည့် တရားသူကြီးချုပ်နှင့် တိုင်ပင်ကာ ၎င်းအလိုကျပြည်ထောင်စုတရားရုံးချုပ်တွင် တရားစီရင်မည့် တရားသူကြီးများ၏ အမည်စာရင်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သည်။ သို့သော် ပြဋ္ဌာန်းချက် (၂) အရ ပြည်ထောင်စုလွှတ်တော်သည် အဆိုပါတရားသူကြီးလောင်းများကို ငြင်းပယ်နိုင်ရန် အလားအလာမရှိသလောက်ရှိနေသည်။

Chapter 6. Judiciary, Article 10 (1) (c) (1) တွင် "the President of the State, in coordination with the Chief Justice of the Union and the Chief Minister of the Region or State concerned, shall prepare a nomination of the Chief Justice of the High Court of Region or State, and the Chief Minister of the Region or State concerned, in coordination with the Chief Justice of the Union shall prepare a nomination of the judges of the High Court of the Region or State concerned, and they shall send them to the Region of State Hluttaw concerned. (2) Region of State Hluttaw concerned shall not have the right to reject the person nominated by the President of the State in coordination with the Chief Justice of the Union and the Chief Minister of the Region and State concerned, to be appointed Chief Justice of the High Court of the Region or State, or the persons nominated by the Chief Minister of the Region or State concerned, in coordination with the Chief Justice of the Union, to be appointed Judges of the High Court of the Region or State concerned, unless it can prove clearly that the persons do not fully possess qualifications prescribed for the Chief Justice of the High Court of the Region or State and Judges of the High Court of the Region of State as contained in the Constitution." ဟု ပြဋ္ဌာန်းထားပါသည်။

- ဤချမှတ်ပြဋ္ဌာန်းချက်များအရ သမတသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များနှင့်တိုင်ပင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ တရားရုံးချုပ်အသီးသီးရှိ တရားသူကြီးချုပ်များနှင့် တရားသူကြီးများကို ခန့်အပ်ပိုင်ခွင့်ရှိသည်။ ဤပြဋ္ဌာန်းချက်အရ တရားဥပဒေကို နားလည်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ၊ လုံးဝရူးသွပ်နေသူများမှအပ သမတသည် ၎င်း၏တရားရုံးဆိုင်ရာ ညာလက်ရုံးဖြစ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ၎င်း၏ပြည်နယ်နှင့်တိုင်းဒေသကြီးများ အုပ်ချုပ်ရေးတွင် ညာလက်ရုံးဖြစ်သည့် ဝန်ကြီးချုပ်များနှင့်တိုင်ပင်ကာ ၎င်းစိတ်ကြိုက်ပုဂ္ဂိုလ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ တရားသူကြီးချုပ်များနှင့် တရားသူကြီးများအဖြစ် ခန့်အပ်နိုင်သည်။ ဤနည်းဖြင့် ဖွဲ့စည်းလိုက်သော ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ တရားရုံးများသည် တရားဥပဒေ စိုးမိုးရေးနှင့် လွပ်လပ်သည့်တရားစီရင်ရေးကို အကောင်အထည်ဖေါ်ဆောင်နိုင်မည်မဟုတ်။ ၎င်းတို့ကို ခန့်အပ်နိုင်သည့် သမတနှင့်သမတ၏ ညာလက်ရုံးများ ဖြစ်ကြသည့် ပြည်ထောင်စုတရားရုံးချုပ်တရားသူကြီးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များ အလိုအတိုင်းသာ တရားစီရင်နေကြတော့မည်ဖြစ်သည်။

## ၇။ အခွင့်ထူးခံ တပ်မတော်

တပ်မတော်သည် အခြားဝန်ထမ်းများနည်းတူ ပြည်သူ့ဝန်ထမ်းများဖြစ်ကြသည်။ သို့ရာတွင် နအဖအလိုကျ ချမှတ်ရေးဆွဲလိုက်သည့် ဖွဲ့စည်းပုံမူကြမ်းတွင် တပ်မတော်သည် အထူးအလေးပေးခံရသော ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ကို ဖေါ်ပြထားသည်။ Chapter 7. The Tatmadaw, Article 1-14 တွင်၊ "(1) The Tatmadaw is the sole existing Tatmadaw which is strong and modern, (2) is mainly responsible for safeguarding the State Constitution, (3) must play a leading role in safeguarding the Union of Myanmar, non-disintegration of national solidarity and perpetuation of sovereignty, (4) must play a leading role in safeguarding the Union of Myanmar against all internal and external dangers, (5) has the right to administer for participation of the entire people in the State security and defense, (8) the Commander-in-Chief is designated as the Vice President level, (10) has the right to independently administer all affairs concerning the armed forces, (11) military justice for

members of the Tatmadaw may be administered according to law by a panel or by a judge, (12) the decision of the Commander-in-Chief of Defense Services is final in military justice.” စသည်ဖြင့် ပြဌာန်းထားပါသည်။

- ဤချမှတ်ပြဌာန်းချက်များအရ တပ်မတော်သည် အင်အားရှိရေးနှင့် ခေတ်မီရေးသည်သာလျှင် အဓိကဖြစ်ကာ၊ အခြားဌာနများခေတ်မီတိုးတက်ရေးသည် အရေးမပါရာရောက်ပေသည်။ တပ်မတော်တခုသာလျှင် ပြည်ထောင်စုအခြေခံဥပဒေကိုကာကွယ်ရန် တာဝန်ရှိသကဲ့သို့ဖြစ်ပြီး တပ်မတော်သားများမှအပ ကျန်သည့်အရပ်သားအားလုံးသည် ပြည်ထောင်စုကာကွယ်ရန် တာဝန်မရှိရာကျပေသည်။ တပ်မတော်သည်သာလျှင် ပြည်ထောင်စု မပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလုပ်ဆောင် ရမည့်တာဝန်ရှိသရာကျလည်းကျသည်။ နိုင်ငံတခု အဖက်ဖက်မှလုံခြုံရေး၊ တိုးတက်ရေး၊ ဖွံ့ဖြိုးရေးအေးချမ်းရေး၊ သာယာရေးစသည်တို့အားလုံးသည် တပ်မတော်တာဝန်ဖြစ်ရာကျနေသည်။ စစ်တပ်မှသမတ ဖြစ်လာသူသည် ဒုတိယသမတ နှစ်ဦးအပြင် နောက်ထပ် ဒုတိယသမတကို တပ်မတော်ထဲမှ တယောက်အပိုဆုရရှိရာလည်းကျသည်။ တပ်မတော်သားများက ပြည်သူများအပေါ် မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဖြစ်စေ အဆိုပါဖြစ်မှုကို ကျူးလွန်သည့်သူများကို အရပ်သားတရားရုံးတွင် ရုံးတင်စစ်ဆေးခွင့်မရှိရာလည်းကျသည်။ တပ်မတော်နှင့်သက်ဆိုင်သည့် ကိစ္စအရပ်ရပ်တွင် မည်သူမျှဝင်ရောက်ပြောဆိုခွင့် ရှိတော့မည်မဟုတ်ပေ။ ထို့ကြောင့် ဒီမိုကရေစီကျင့်စဉ်တခုဖြစ်သည့် တပ်တော်အား အရပ်ဖက်အုပ်ချုပ်မှုအောက်တွင် ထားရှိရေးဆိုသည့်မှုသည် ဤပြဌာန်းချက်တွင်ပျောက်ဆုံးနေသည်။ ထို့ကြောင့် ချမှတ်ဤပြဌာန်းချက်များအရ ပြည်ထောင်စုမြန်မာနိုင်ငံသည် အခြေခံဥပဒေအရ စစ်အုပ်ချုပ်ရေးကို ကျင့်သုံးသည့် နိုင်ငံဖြစ်လာတော့ မည်ဖြစ်ပါသည်။

## ၈။ အရေးပေါ်အခြေအနေကျေညာခြင်းနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဌာန်းလိုက်သည့်မှု Chapter 11. Provisions on State of Emergency, Article 1 တွင် “If the President learns that or if the respective local administrative body submits that the administrative functions cannot be carried out in accord with the Constitution in a Region or a State or a Union Territory or a Self-Administered Areas, he shall, after coordinating with National Defense and Security Council, issue order having the force of law to declare a state of emergency.” ဟုပြဌာန်းထားသည်။ ထို့အပြင် Article (2) တွင် “the President shall have the power to: (a) exercise the executive power of the Region or State or Self-Administered Area concerned. (b) .... the President shall have the power to exercise the legislative power concerning the executive affairs. But the legislative power shall not be entrusted to any body or any person.” ဟုပြဌာန်းထားပါသည်။

- ဤချမှတ်ပြဌာန်းချက်များအရပြည်နယ်၊ တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြသည်ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ၊ သမတသည် အရေးပေါ်အခြေအနေကို ကျေညာပြီး အုပ်ချုပ်ရေးတာဝန်အားလုံးကု ရယူနိုင်သည်။ အဆိုပါ အုပ်ချုပ်ရေးတာဝန်များကို သမတက အရေးပေါ်အခြေအနေတွင် တာဝန်ယူလုပ်ဆောင် နေစဉ်၌၄င်း၏ လုပ်ဆောင်ချက်များနှင့်ပါတ်သက်၍ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဥပဒေပြုမဏ္ဍိုင်အားလုံးကို ဖျက်သိမ်းထားသည်ဖြစ်သဖြင့် သမတ၏ လုပ်ဆောင်ချက်များကို မည်သူကမျှထောက်ပြ၍ ရတော့မည်မဟုတ်ပေ။

ထိုသို့အရေးပေါ် အခြေအနေကျေညာပြီး အုပ်ချုပ်ရေးတာဝန်များကိုရယူရန် သမတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် တိုင်ပင်ရမည်ဟု Chapter 11. Provisions on State of Emergency Article 3(a)(b) ပြဌာန်းထားသည်။ သို့သော် National Defense and National Security Council အဖွဲ့ဝင်အားလုံးက အစည်းအဝေးကို မတက်ရောက်နိုင်ခဲ့သော် သမတသည် Commander-in-Chief of the Defense Services, the Deputy Commander-in-Chief of the Defense Services, the Minister of Defense, and the Minister of Home Affairs တို့၏ သဘောတူညီချက်ကိုရရှိလျှင် အရေးပေါ်အခြေအနေကို ကျေညာနိုင်သည်ဟုပြဌာန်းထားသည်။

- ဤပြဋ္ဌာန်းချက်များအရ သမတ၊ စစ်ဦးစီးချုပ်၊ ဒုတိယစစ်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး အားလုံးသည်တပ်မတော်သားများ ဖြစ်နေကြသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင့်ရှိ ပြည်နယ်၊ တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေစသည့် မည်သည့်နေရာ၌ မဆို အရေးပေါ်အခြေအနေကို အချိန်မရွေးကြေညာ နိုင်သည်။

## ၉။ Financial Commission

ပြည်ထောင်စုမြန်မာနိုင်ငံ တစုလုံးနှင့် သက်ဆိုသော နိုင်ငံတော် ဘတ်ဂျက်နှင့် ပါတ်သက်၍ Chapter 4. Legislative, Subtitle "Sharing of Legislative Power" Article 16 (c) တွင် "….. the Financial Commission is to be formed with the following powers: (a) The President Chairman, (2) The Vice Presidents Vice-Chairmen, (3) The Pyidaungsu Attorney-General Member, (4) The Pyidaungsu Auditor-General Member, (5) The Chief Ministers of Regions and States Members, (6) The Nay Pyi Taw City Council Chairman Member, (7) The Pyidaungsu Minister for Finance Secretary" တို့ဖြင့် ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားသည်။

- ဤချမှတ်ပြဋ္ဌာန်းချက်များကို သေချာစွာလေ့လာပါက နိုင်ငံတော်၏ဘတ်ဂျက်သည် ဥပဒေပြုမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၏ လက်အောက်တွင်မရှိပေ။ နိုင်ငံတော် သမတ၊ ဒုတိယသမတနှစ်ဦး၊ နိုင်ငံတော် သမတက စိတ်ကြိုက်ခန့် အပ်ထားသည့် ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ဝန်ကြီးချုပ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဘဏ္ဍာရေးအတွင်းရေးမှူးတို့ လက်တွင်ရှိပေသည်။

## ၁၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဋ္ဌာန်းလိုက်သည့် မူကြမ်း Chapter 5. Executive, Subtitle – Sharing of the executive power, Powers and Functions of the President, Article 2 တွင် "To be able to discharge the duties assigned in accord with the Constitution or any of the law, the National Defense and Security Council led by the President shall be formed with the following persons: 1. President, Vice President, Vice President, Speaker of the Pyithu Hluttaw, Speaker of the Amyotha Hluttaw, Commander-in-Chief of Defense Services, Minister for Defense, Minister for Foreign Affairs, Minister for Home Affairs, and Minister for Border Affairs." ဟု ပြဋ္ဌာန်းထားပါသည်။

- ဤချမှတ်ပြဋ္ဌာန်းချက်ကြောင့် နိုင်ငံတော်သမတ၊ ဒုတိယသမတနှစ်ဦး လွှတ်တော်သဘာပတိနှစ်ဦး၊ ကာကွယ်ရေး စစ်ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ဒေသဆိုင်ရာဝန်ကြီးတို့ ပါဝင်သည့်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကိုဖွဲ့စည်းသည်။ သမတ၊ ဒုတိယသမတနှစ်ဦး၊ ကာကွယ်ရေး စစ်ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးတို့အားလုံးသည် ကနဦးပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း တပ်မတော်စစ်ဗိုလ်များသာ ဖြစ်ကြမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းများကို တပ်မတော်မှအပ မည်သူကမျှ ဆွေးနွေးလုပ်ဆောင်၍ ရတော့မည် မဟုတ်ပေ။

ထို့ကြောင့် ညောင်နှစ်ပင်ညီလာခံကြီးမှ ပြဋ္ဌာန်းလိုက်ပြီး ဥပဒေပညာရှင်များပါဝင်သည့် (၅၄) ဦးကော်မတီက အချောသတ်ရေးဆွဲအတည်ပြုကာ ပြည်သူပြည်သားများက မေလတွင်ကျင်းပမည့် ဆန္ဒခံယူပွဲ၌ ထောက်ခံသည်ဖြစ်စေ ကန့်ကွက်သည်ဖြစ်စေ အခြေခံဥပဒေဖြစ်လာနိုင်သည့် နအဖ၏ "လမ်းပျောက်မြေပုံ" ကြောင့် အနာဂတ်တွင် ကျွန်ုပ်တို့တွေ့ရှိ လတ္တံ့သော တိုင်းပြည်မှာကား "စစ်အာဏာရှင် သက်ဦးဆံပိုင် စစ်ဘုရင်များ" မင်းမူနေမည့် တိုင်းပြည်ဖြစ်ပါသည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ဗမာတိုင်းရင်းသား လူမျိုးဖြစ်ရန် သေချာသည်။
- လူမျိုးရေးအစွန်းထွက်သည့် စစ်ဗိုလ် တဦးဖြစ်ရန် သေချာသည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ပြည်ထောင်စု လွှတ်တော်တွင် စစ်ဗိုလ် ၁၆၆ ဦး၏ ထောက်ခံမှုကို ရနေမည့်သူ ဖြစ်သည်။
- ပြည်ထောင်စု အစိုးရဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ နယ်စပ်ဒေသဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို ခန့်အပ်ပိုင်ခွင့်ရှိသူဖြစ်သည်။
- ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုဝန်ထမ်းရွေးချယ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးကို ခန့်အပ်ပိုင်ခွင့် ရှိသူဖြစ်သည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ပြည်နယ်များ၊ ပြည်ထောင်စုတိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအားလုံးကို ခန့်အပ်ပိုင်ခွင့်ရှိသူ ဖြစ်သည်။
- ပြည်ထောင်စုဒေသများ (Union Territories) အားလုံးကို တိုက်ရိုက် အုပ်ချုပ်သူဖြစ်သည်။
- ပြည်ထောင်စု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အထူးဒေသဥက္ကဋ္ဌများအားလုံးကို ခန့်အပ်ပိုင်ခွင့် ရှိသူဖြစ်သည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ပြည်ထောင်စု တရားရုံးချုပ်တရားသူကြီးကို ခန့်အပ်နိုင်သူဖြစ်သည်။
- ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တိုင်ပင်ကာ ပြည်ထောင်စု တရားရုံးချုပ်တရားသူကြီးများကို ခန့်အပ်နိုင်သူ ဖြစ်သည်။
- ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တိုင်ပင်ကာ ပြည်နယ်တရားရုံးချုပ်များ၊ ပြည်ထောင်စု တိုင်းဒေသကြီးများ၏ တရားသူကြီးများကို ခန့်အပ်နိုင်သူ ဖြစ်သည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ပြည်ထောင်စု ဘဏ္ဍာငွေအားလုံးကို သူ၏လက်ထောက် ဒုတိယသမတနှစ်ဦးနှင့်အတူ ၎င်းကစိတ်ကြိုက် ခန့်အပ်ထားသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ဝန်ကြီးချုပ်များ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုဘဏ္ဍာရေးအတွင်းရေးမှူးတို့နှင့် စိတ်ကြိုက်ဖြုန်းတီးနိုင်သူဖြစ်သည်။

နအဖ၏ လမ်းပျောက်မြေပုံကြောင့် အနာဂတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေမည့်သူသည်
- ၎င်း၏လက်ထောက် ဒုတိယသမတနှစ်ဦး၊ လွှတ်တော်သဘာပတိနှစ်ဦး၊ ကာကွယ်ရေးစစ်ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေး ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ဒေသဆိုင်ရာဝန်ကြီးတို့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံ လုံခြုံရေးကိုကာကွယ်ရန်ဟု အကြောင်းပြကာ အချိန်မရွေး အရေးပေါ်အခြေအနေကြေညာကို တိုင်းပြည်၏ အာဏာကိုသိမ်းနိုင်သည်။

ထို့ကြောင့် နအဖ၏ "နိုင်ငံရေးလမ်းပျောက်မြေပုံ" အရ နအဖ၏ ညောင်နှစ်ပင်ကိုယ်စားလှယ် (၁၀၀၀) ခန့်က (၁၄) နှစ်တာ အချိန်ယူရေးဆွဲကာ ချမှတ်ပြဋ္ဌာန်းလိုက်သည့် အခြေခံဥပဒေမူ (၁၀၄) မူနှင့် ဥပဒေပညာရှင်များပါဝင်သည့် (၅၄) ဦးကော်မတီက အချောသတ်လိုက်သည့် အနာဂတ် "ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" ကြီးသည် ကမ္ဘာ့သမိုင်းတွင် အာဏာစက် အပြင်းထန်ဆုံးသော အခြေခံဥပဒေအရတည်ဆောက်သည့် စစ်အာဏာရှင်စနစ်တခုကို မြန်မာ့မြေပေါ်တွင် မွေးထုတ်တော့မည်ဖြစ်သည်။

- ပြီး-